# မြန်မာနိုင်ငံ၏
# လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်
# အခြေအနေအကဲဖြတ်ချက်

၂ ရက်၊ မေလ၊ ၂၀၁၉ ခုနှစ်

# မြန်မာနိုင်ငံ၏
# လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်
# အခြေအနေအကဲဖြတ်ချက်

## ပြည်ထောင်စုအစိုးရ၏ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့် ခိုင်မာအားကောင်းရေးလုပ်ဆောင်ရန် လိုအပ်သည့် အဓိကနယ်ပယ်များအတွင်း တိုးတက်မှုကို အကဲဖြတ်ခြင်း

၂ ရက်၊ မေလ၊ ၂၀၁၉ ခုနှစ်

၂၀၁၉ ခုနှစ် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ကို အထိမ်းအမှတ်ပြုရန် ပဲန်မြန်မာအနေဖြင့် မိတ်ဖက်ကျွမ်းကျင်အဖွဲ့အစည်း ၁၇ ဖွဲ့နှင့်ဆွေးနွေးတိုင်ပင်မှုအပေါ် အခြေပြုကာ မြန်မာနိုင်ငံ၏ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေအပေါ် စိစစ်အကဲဖြတ်ခဲ့ရာတွင် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို အလေးထားလေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန်အတွက် တိုးတက်မှုမရှိခြင်းအား ဆက်လက်တွေ့ရှိရသည်။ အချို့ကိစ္စများတွင် စိုးရိမ်ထိတ်လန့်ဖွယ်ရာ ဆုတ်ယုတ်ကျဆင်းမှုပင် တွေ့မြင်ခဲ့ရသည်။ အရေအတွက်အရ အလွန်နည်းပါးသောနယ်ပယ်အချို့တွင်သာ အကန့်အသတ်ဖြင့် တိုးတက်မှုကို တွေ့ခဲ့ရသည်။ ထို့ကြောင့် ပဲန်မြန်မာနှင့် ယင်း၏မိတ်ဖက်များက ၂၀၁၉ ခုနှစ် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အကဲဖြတ်အမှတ်ပေးမှုတွင် ရနိုင်ဖွယ်ရာ အမှတ်ပေါင်း ၆၀ အနက်မှ ရမှတ် ၆ မှတ်ကို ပေးခဲ့ကြပါသည်။ နှစ်စဉ်အကဲဖြတ်အစီရင်ခံစာက လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို လေးစားရန်၊ အကာအကွယ်ပေးရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည့် အဓိကနယ်ပယ်များအတွင်း နိုင်ငံတော်အစိုးရ၏ တိုးတက်မှုအခြေအနေကိုအကဲဖြတ်သည်။ ၂၀၁၉ ခုနှစ် တွေ့ရှိချက်များမှာ ကုန်လွန်ခဲ့သည့်နှစ်အတွင်း အကဲဖြတ်ပုံနည်းစနစ်ကို ပြန်လည်သုံးသပ်၍ ခိုင်မာအားကောင်းစေရန် ပြုလုပ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် တွေ့ရှိချက်များနှင့် အလားတူပင်ဖြစ်သည်။

❑

**<u>အဓိကတွေ့ရှိချက်များနှင့် အကဲဖြတ်အမှတ်ပေးစနစ်</u>**

**“အစိုးရဟာ သတင်းမီဒီယာအမှီအခိုကင်းမှုနဲ့ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ဂရုမစိုက်ဘူး။ ဒါကို ဦးစားပေးတစ်ခုအနေနဲ့ မသတ်မှတ်ပါဘူး”**

*(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)*

အသိအမြင်များသည့် ဆွေးနွေးပြောဆိုမှုကို အားပေးသော၊ ပွင့်လင်းလွတ်လပ်သည့် ဆွေးနွေးငြင်းခုံမှုကို အကာအကွယ်ပေးသော၊ အစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူ၊ တာဝန်ခံမှုကို မြှင့်တင်ပေးသော လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့် ပတ်ဝန်းကျင်အခြေအနေတစ်ရပ်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အလွန်အရေးပါသော အခြေခံအုတ်မြစ်တစ်ခုပင်ဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ပဲန်မြန်မာအနေဖြင့် မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေအား

(အထူးသဖြင့်) နိုင်ငံတော်အစိုးရ၏လုပ်ဆောင်ချက်အပေါ် အကဲဖြတ်ရန် ကျွမ်းကျင်သူမိတ်ဖက်အဖွဲ့အစည်းများအား ဖိတ်ခေါ်စုစည်း တွေ့ဆုံခဲ့ပါသည်။

အကဲဖြတ်ဆွေးနွေးမှုတွင် ပါဝင်သူကျွမ်းကျင်အဖွဲ့အစည်းများက **ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များ၊ သတင်းမီဒီယာအမှီအခိုကင်းမှုနှင့် လွတ်လပ်မှု၊ ဒစ်ဂျစ်တယ်လွတ်လပ်မှု၊ လွတ်လပ်စွာစုဝေးခွင့်၊ ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့်၊ သတင်းအချက်အလက်ရယူပိုင်ခွင့်၊ လုံခြုံဘေးကင်းခြင်းနှင့်အကာအကွယ်ရှိခြင်း** စသော အခြေအနေအချက်အလက်များ အားကောင်း ခိုင်မာရေးအတွက် ဆောင်ရွက်ရန် လိုအပ်သော အဓိကနယ်ပယ်များအတွင်း နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်တိုးတက်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုများအား ဆွေးနွေးသုံးသပ်အကဲဖြတ်ခဲ့ကြပြီး နယ်ပယ်တစ်ခုစီအတွက် ဦးစားပေးအကြံပြုချက်များအား အဆိုပြုတင်ပြခဲ့ကြသည်။

အမှတ်ပေါင်း ၆၀ အနက် ၆ မှတ်သာ ရရှိသော ၂၀၁၉ အကဲဖြတ်ချက်က မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ရေးသား ထုတ်ဖော်ပြောဆိုခွင့်အား လုံခြုံစိတ်ချစေရန် အရေးပါသော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာ၌ ထူးထူးခြားခြား တိုးတက်မှု မရှိခြင်းကိုသာမက အချို့နယ်ပယ်များတွင် ထူးထူးခြားခြား နောက်ပြန်လျှောကျမှုဖြစ်နေခြင်းကို ညွှန်ပြနေပေသည်။ စစ်အစိုးရ အုပ်ချုပ်မှုကာလအတွင်း ဆယ်စုနှစ်များနှင့်ချီကာ ကြုံတွေ့ခဲ့ရသည့် ဖိနှိပ်ချုပ်ချယ်မှုများနှင့်ပတ်သက်သောစိန်ခေါ်မှုများမှာ ထူးခြားအရေးပါ သောအရာများဖြစ်ကြောင်း၊ **NLD**အစိုးရအနေဖြင့် ယင်း၏ရွေးကောက်ပွဲကြေညာစာတမ်းပါ ပြုပြင်ပြောင်းလဲမှုများအား လုပ်ဆောင် ရန် အခိုင်အမာကတိပြုထားပြီး ကနဦးကြိုးပမ်းမှုအချို့ကို လုပ်ဆောင်ခဲ့ကြောင်း ပါဝင်အကဲဖြတ်သူတို့က အသိအမှတ်ပြုကြသော် လည်း အပြောင်းအလဲအနည်းငယ်သာရှိရာမှ အပြောင်းအလဲလုံးဝမရှိသော နယ်ပယ်များစွာရှိခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် နယ်ပယ်အချို့တွင် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ပျက်ကွက်ရုံသာမက လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အား ခြိမ်းခြောက်သည့် ကိစ္စရပ်များတွင်လည်း ပါဝင်ပတ်သက်နေကြောင်း မိတ်ဖက်ကျွမ်းကျင်သူများက ဝေဖန်ထောက်ပြခဲ့ကြသည်။

**၂၀၁၉ ခုနှစ် မေလ၊ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေအကဲဖြတ်ခြင်း**

**စုစုပေါင်း ရမှတ် - အမှတ် ၆၀ အနက် (၆) မှတ်**

**အညွှန်းကိန်းတစ်ခုချင်းအတွက် ရမှတ်များ**

| | | | |
|---|---|---|---|
| ♦ | ဥပဒေနှင့်လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ | - ၀.၂ မှတ် | (ပေးမှတ် ၁၀ အနက်) |
| ♦ | သတင်းမီဒီယာအမှီအခိုကင်းမှုနှင့်လွတ်လပ်မှု | - ၁.၄ မှတ် | (ပေးမှတ် ၁၀ အနက်) |
| ♦ | ဒစ်ဂျစ်တယ်လွတ်လပ်မှု | - ၁.၄ မှတ် | (ပေးမှတ် ၁၀ အနက်) |
| ♦ | လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့် | - ၀.၁ မှတ် | (ပေးမှတ် ၁၀ အနက်) |
| ♦ | သတင်းအချက်အလက်ရယူပိုင်ခွင့် | - ၂.၉ မှတ် | (ပေးမှတ် ၁၀ အနက်) |
| ♦ | လုံခြုံဘေးကင်းခြင်းနှင့် အကာအကွယ်ရှိခြင်း | - ၀ မှတ် | (ပေးမှတ် ၁၀ အနက်) |

**အညွှန်းကိန်းတစ်ခုချင်းနှင့်မေးခွန်းငယ်တစ်ခုချင်းစီအတွက် အကဲဖြတ်အမှတ်ပေးစနစ်**

**အညွှန်းကိန်း ၆ ခုအနက် တစ်ခုချင်းစီအတွက် ၀-၁၀ မှတ် ပေးသည်။ ၀ မှတ်သည် အနိမ့်ဆုံးရမှတ်ဖြစ်ပြီး ၁၀ မှတ်သည် အမြင့်ဆုံးရမှတ်ဖြစ်သည်။ ရနိုင်စရာအလားအလာရှိသည့် အမှတ်စုစုပေါင်းမှာ ၀ မှတ်မှ ၆၀ မှတ်အထိ ရှိသည်။ အညွှန်းကိန်းတစ်ခုချင်းစီကို ထိုအညွှန်းကိန်း၏ မတူခြားနားသောဘက်များကို လွှမ်းခြုံသည့် သီးခြားမေးခွန်း ၅ ခုအဖြစ် ခွဲလိုက်သည်။ မေးခွန်းတစ်ခုချင်းစီကို ၀ မှတ်မှ ၂ မှတ်အထိ ပေးထားသည်။ ၀ မှတ်သည် ဆုတ်ယုတ်ကျဆင်းမှုကို ပြနေသည်။ ၁ မှတ်မှာ အပြောင်းအလဲမရှိ နှင့်/သို့မဟုတ် အခြေတည်စတိုးတက်မှုနှင့် အပြောင်းအလဲလုပ်ရန် ကတိကဝတ်ပြုမှုတစ်ခုဖြစ်ပြီး၊ ၂ မှတ်မှာ ထူးခြားတိုးတက်မှုကို ညွှန်ပြသည်။ ၂၀၁၉ ခုနှစ် ရမှတ်မှာ စုစုပေါင်း ၆၀ မှတ်အနက်မှ ၆ မှတ်ဖြစ်သည်။ ဤသည်မှာ ပေးမှတ် ၂ မှတ်အနက် ပျမ်းမျှ ၀.၂ မှတ်(မေးခွန်းတစ်ခုစီအတွက် ရမှတ်) ရသည်ကို ဆိုလိုသည်။ ဤသို့ဖြင့် အညွှန်းကိန်းအားလုံးအတွက် ဆုတ်ယုတ်ကျဆင်းမှုအဆင့်မှာ ပြောင်းလဲနေကြောင်း ညွှန်ပြသည်။**

ဤအစီရင်ခံစာသည် ပဲန်မြန်မာက ထုတ်ဝေဖြန့်ချိခဲ့သော စတုတ္ထမြောက် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့် အခြေအနေအကဲဖြတ်အစီရင်ခံစာဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် ပထမနှစ်ဝက်အတွက် စမ်းသပ်အကဲဖြတ်အစီရင်ခံစာတွင် ပါဝင်ခဲ့သည့် ကျွမ်းကျင်မိတ်ဖက်အဖွဲ့အစည်း ၆ ဖွဲ့က အမှတ်ပေါင်း ၆၀ အနက် စုစုပေါင်း ၈ မှတ်ပေးခဲ့သည်။ ၂၀၁၇ ခုနှစ် မေလက ပြုလုပ်ခဲ့သော တစ်နှစ်တာအကဲဖြတ်ချက်တွင် ပါဝင်ခဲ့သည့် ကျွမ်းကျင်အဖွဲ့အစည်း ၁၄ ဖွဲ့ကလည်း ထိုကဲ့သို့ပင် ပေးခဲ့သည်။ ၂၀၁၈ ခုနှစ် အကဲဖြတ်ချက်တွင် ပါဝင်ခဲ့သော ကျွမ်းကျင်အဖွဲ့အစည်း ၁၉ ဖွဲ့ကမူ စုစုပေါင်းအမှတ် ၆၀ အနက်မှ ၂ မှတ်ကိုသာ ပေးခဲ့ကြပါသည်။ ပဲန်မြန်မာအနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီလဆန်းပိုင်းတွင် ယခင်နှစ်များမှ အကဲဖြတ်အစီရင်ခံစာများအား ပြန်လည်သုံးသပ်ရန် ရရှိခဲ့သောသင်ခန်းစာများကို ဆွေးနွေးရန်နှင့် ၂၀၁၉ အကဲဖြတ်ချက်ကို အားကောင်းခိုင်မာစေရန် ကြိုးပမ်းမှုတစ်ခုအဖြစ်လည်းကောင်း၊ ထိုအကဲဖြတ်ချက်၏ ပွင့်လင်းမြင်သာမှုကို သေချာစေရန်လည်းကောင်း၊ အကဲဖြတ်ပုံနည်းစနစ်အား ပြင်ဆင်တည်းဖြတ်ရန် ယင်း၏ကျွမ်းကျင်သူအဖွဲ့အစည်းများကို ဖိတ်ကြားစုဝေးစေခဲ့ပါသည်။

**၂၀၁၉ အကဲဖြတ်မှုတွင် ပါဝင်ခဲ့ကြသော ကျွမ်းကျင်အဖွဲ့အစည်း ၁၈ ဖွဲ့တို့မှာ-**

1. Assistance Association for Political Prisoners
2. Athan
3. Burma News International
4. Center for Myanmar Media Development
5. Equality Myanmar
6. Free Expression Myanmar
7. Human Rights Defenders Forum (HRDF)
8. Independent Lawyers' Association Myanmar
9. Myanmar ICT for Development Organisation
10. Myanmar Journalism Institute
11. Myanmar Journalist Network
12. Myanmar Journalists Association
13. Myanmar Media Lawyers' Network
14. Myanmar Women Journalists Society
15. PEN Myanmar
16. Protection Committee for Myanmar Journalists
17. Pyi Gyi Khin
18. Yangon Journalism School (YJS) တို့ ဖြစ်ကြသည်။

၂၀၁၉ အကဲဖြတ်ချက်အတွက် နှိုင်းယှဉ်သုံးသပ်စရာတစ်ခုအနေဖြင့် ပါဝင်အကဲဖြတ်သူများက **NLD** အစိုးရ အာဏာပထမဆုံးရယူစဉ်ကာလ ၂၀၁၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေကိုသာမက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အာဏာရယူခဲ့သော ၂၀၁၀-၂၀၁၅ ကာလအခြေအနေကိုလည်း ထည့်သွင်းစဉ်းစားခဲ့ကြသည်။ ကြံ့ခိုင်ရေးပါတီအစိုးရကာလအတွက် အခြေခံစည်းမျဉ်းအဖြစ် အသုံးပြုရန် အကဲဖြတ်ချက်နည်းစနစ်များ မရှိခဲ့သော်ငြားလည်း ပါဝင်အကဲဖြတ်သူများက ယင်းတို့၏ များပြားလှသောအတွေ့အကြုံ၊ အမှတ်သညာပေါင်းစုံအပြင် မီဒီယာနှင့်လွတ်လပ်စွာပြောဆိုခွင့်ဆိုင်ရာ အစီရင်ခံစာများမှလည်း ကောက်ချက်ဆွဲအကဲဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ ပဲန်မြန်မာက ဖိတ်ကြားခဲ့သည့် တိုင်းရင်းသားလူမျိုးစုမီဒီယာကိုယ်စားလှယ်တစ်ဖွဲ့အပါအဝင် ကျွမ်းကျင်မိတ်ဖက်အဖွဲ့အစည်းများမှာ တိုင်းရင်းသားမီဒီယာ၊ အမျိုးသမီးသတင်းသမားများ၊ ကလေးသူငယ်အခွင့်အရေးများနှင့် **LGBT** အခွင့်အရေးသမားများအပါအဝင် အားလုံးပေါင်း ၁၇ ဖွဲ့သာ ပါဝင်ရန် အကန့်အသတ်ထားခဲ့ပါသည်။ ယင်းတို့မှာ ကျယ်ပြန့်သောနယ်ပယ်စုံမှဖြစ်သော်လည်း နိုင်ငံအတွင်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းအားလုံး၏ အမြင်အယူအဆများအား ကိုယ်စားပြုသည် မဟုတ်ပါ။ စိစစ်အကဲဖြတ်မှု၏ ရည်ရွယ်ချက်မှာ လက်ရှိအခြေအနေကို အကဲဖြတ်အမှတ်ပေးရန်သာဖြစ်ပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်ခဲ့သော ရည်ရွယ်ချက် သို့မဟုတ် ရွေးချယ်မှုအခြေအနေများ သို့မဟုတ် လုပ်ရပ်များအား ရှင်းပြရန် မဟုတ်ပါ။

ပွင့်လင်းလွတ်လပ်သောဆွေးနွေးမှုတစ်ခုနှင့် လုံခြုံစိတ်ချရသောပတ်ဝန်းကျင်အခြေအနေတစ်ရပ်ဖြစ်စေရေးအတွက် တိုင်ပင်

ဆွေးနွေးပွဲတွင် ပါဝင်သူလူပုဂ္ဂိုလ်တစ်ဦးချင်းအား သီးခြားဖော်ပြခြင်း သို့မဟုတ် အမည်နာမထုတ်ဖော်ညွှန်းဆိုခြင်း မပြုပါ။ စိစစ်အကဲဖြတ်မှုပြုလုပ်စဉ်အတွင်း ဖော်ပြခဲ့သောအမှတ်ပေးခြင်း၊ အကြောင်းအရာနှင့်အကိုးအကားများမှာ စုလင်ကွဲပြားသောအမြင်အယူအဆများကို ကိုယ်စားပြုကြသော်လည်း ယင်းတို့ကို မိတ်ဖက်လူပုဂ္ဂိုလ်တစ်ဦးချင်းစီမှ ဆွဲကိုင်ထားခြင်း မပြုပါ။

အထက်တွင် ရည်ညွှန်းဖော်ပြခဲ့သော မိတ်ဖက်အစုအဖွဲ့အချို့မှာ အကဲဖြတ်အမှတ်ပေးပွဲတွင် လူပုဂ္ဂိုလ်အရ ပါဝင်တက်ရောက်မှုမပြုနိုင်သော်လည်း ရရှိချက်များကို သုံးသပ်၍ လက်မှတ်ရေးထိုးပေးခဲ့ကြပါသည်။

❑

**<u>အဓိကအကြံပြုချက်များ</u>**

**"အစိုးရက အပြောင်းအလဲကို ဖော်ဆောင်နေတယ်လို့တော့ ပြောတာပဲ။ ဒါပေမဲ့ အဲဒီလိုဆိုရင် သူ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နည်းလမ်းက ပွင့်လင်းမြင်သာမှုမရှိဘူး ဒါမှမဟုတ် အားလုံးပါဝင်မှုမရှိဘူး။ ပြီးတော့ ကျွန်တော်တို့အနေနဲ့ ချီးကျူးပြောဆိုဖို့လည်း မထိုက်တန်ပါဘူး"**

*(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)*

နိုင်ငံတော်အစိုးရအား ယင်း၏ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို လေးစားလိုက်နာ၊ ကာကွယ်စောင့်ရှောက်၊ ဖြည့်ဆည်းပေးရေးကို တိုးချဲ့ဆောင်ရွက်ရန်နှင့် ပိုမိုပွင့်လင်းလွတ်လပ်သော ဒီမိုကရက်တစ်လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ထူထောင်နိုင်ရေးအတွက် ယင်းတို့၏ အလေးထားဆောင်ရွက်မှုများကို တိုးချဲ့ကာ အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်နိုင်ရန် အားပေးသည့်အနေဖြင့် အကဲဖြတ်အမှတ်ပေးမှုအညွှန်းကိန်း ၆ ခုအပေါ် အခြေခံသော အဓိကအကြံပြုချက် ၆ ချက်ကို ၂၀၁၉ စိစစ်အကဲဖြတ်မှုတွင် ပါဝင်သူ ကျွမ်းကျင်ပညာရှင်များက အဆိုပြုတင်ပြခဲ့ကြပါသည်။ အကြံပြုချက် ၆ ချက်လုံးအတွက် သက်ဆိုင်ရာပါဝင်ပတ်သက်သူများနှင့်အတူ အများပြည်သူထံမှ လေးနက်သောအကြံဉာဏ်များကို ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တစ်လျှောက်လုံး၏ အဆင့်တိုင်းတွင် တင်ကြိုစုစည်းရယူရန်မှာ အစိုးရ၏ တာဝန်နှင့်ဝတ္တရားသာဖြစ်ကြောင်း အခိုင်အမာသဘောတူကြပါသည်။

**<u>ဥပဒေနှင့်လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ -</u>** နိုင်ငံတကာဒီမိုကရက်တစ်စံချိန်စံညွှန်းများနှင့်ညီညွတ်သော လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အား အရေးထားလေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန်။ မြန်မာနိုင်ငံ၏ ဥပဒေရေးရာမူဘောင် ပြုပြင်ပြောင်းလဲရေးကို အချိန်မီပြုလုပ်ရေးအတွက် အသေးစိတ်အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။ ထိုအစီအစဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြုပြင်မှုများ၊ တရားစီရင်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များပါ အကြောင်းအရာအားလုံး ပြင်ဆင်မှု၊ အထူးသဖြင့် ရာဇဝတ်မှုမြောက်သော အသရေဖျက်မှုနှင့်နိုင်ငံတော်အစိုးရနှင့်သဘောကွဲလွဲမှုပုံစံအမျိုးမျိုးတို့ ပါဝင်သင့်သည်။

**<u>သတင်းမီဒီယာအမှီအခိုကင်းမှုနှင့်လွတ်လပ်မှု -</u>** မီဒီယာနယ်ပယ်အတွင်း နိုင်ငံတော်အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုအားလုံးအား မဆိုင်းမတွ အဆုံးသတ်ရေးအတွက် အသေးစိတ်အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။ ထိုအစီအစဉ်တွင် နိုင်ငံတော်ပိုင် မီဒီယာအားလုံးကို တိကျသောနောက်ဆုံးရက် သတ်မှတ်ချက်နှင့်အတူ ပုဂ္ဂလိကပိုင် သို့မဟုတ် အများပိုင်အဖြစ် ပြောင်းလဲခြင်း သို့မဟုတ် ပိတ်သိမ်းပစ်ခြင်းလည်း ပါဝင်သင့်သည်။ ထို့အပြင် အမှီအခိုကင်းသောမီဒီယာ၏ ရေရှည်တည်တံ့နိုင်မှုအတွက် လုပ်သာကိုင်သာသော ပတ်ဝန်းကျင်အခြေအနေတစ်ရပ် ဖန်တီးပေးရန်၊ ပုဂ္ဂလိကပိုင်ပုံနှိပ်မီဒီယာအတွက် မလုပ်မနေရအထူးလိုင်စင်စနစ်ကို ရပ်ဆိုင်းပစ်ရန်၊ စာနယ်ဇင်းနှင့်အသံလွှင့်လုပ်ငန်းကောင်စီဝင်များအား ရွေးချယ်သတ်မှတ်ရာတွင် နိုင်ငံတော်၏ အခန်းကဏ္ဍကို ဖယ်ရှားပေးရန်၊ တိုင်ကြားချက်များဆိုင်ရာ မီဒီယာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းရာတွင် စစ်ဖက်အရာရှိများအပါအဝင် နိုင်ငံတော်အစိုးရအရာရှိများအား ခန့်အပ်ခြင်းကို ရပ်ဆိုင်းရန်လည်း လုပ်ဆောင်သင့်ပါသည်။

**<u>ဒစ်ဂျစ်တယ်လွတ်လပ်ခွင့် -</u>** နိုင်ငံတကာဒီမိုကရက်တစ်စံချိန်စံညွှန်းများနှင့်အညီ အွန်လိုင်းတွင် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝအကာအကွယ်ပေးသည့် ဆိုက်ဘာဥပဒေမူဘောင်တစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန်။ ထိုဆိုက်ဘာမူဘောင်တွင် ခိုင်မာသော ဒေတာကာကွယ်ရေးပြဋ္ဌာန်းချက်များနှင့် တရားဝင်သတင်းကြားဖြတ်ရယူခွင့်အတွက် လုံခြုံရေးအစီအမံများ ထည့်သွင်းခြင်းဖြင့် ပုဂ္ဂလိကသီးသန့်တည်ရှိခွင့်ကို အကာအကွယ်ပေးသင့်ပါသည်။ ထိုမူဘောင်တွင် နိုင်ငံတကာစံချိန်စံညွှန်းများအရ လက်သင့်ခံနိုင်သောကန့်သတ်မှုများမှအပ အခြားမည်သည့်အကြောင်းအရာကန့်သတ်မှုကိုမျှ အသုံးမပြုသင့်ပါ။

**<u>လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့် –</u>** ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို နိုင်ငံတကာဒီမိုကရက်တစ်စံချိန်စံညွှန်းများနှင့်အညီဖြစ်အောင် ပြင်ဆင်ရန်။ ထိုပြင်ဆင်ချက်တွင် ကြိုတင်စီစဉ်ထားခြင်းမရှိသော အလိုအလျောက်ဖြစ်ပေါ်သည့် ကန့်ကွက်ဆန္ဒပြမှုများအပါအဝင် ဆန္ဒပြမှုများအား အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရေးနှင့် ဆန္ဒပြကန့်ကွက်မှုများအား ရပ်ဆိုင်းစေရန် လောလောဆယ် လွဲမှားစွာအသုံးပြုနေသည့် ပြဋ္ဌာန်းချက်များအားလုံး ဖယ်ရှားပေးရေးကို နိုင်ငံတော်က တာဝန်ယူသင့်သည်။ ဆန္ဒပြကန့်ကွက်မှုများအား ပိတ်ပင်တားဆီးရန် အခွင့်အာဏာကို ဖယ်ရှားပစ်သင့်ပြီး မည်သို့သောအခြေအနေများတွင် ဆန္ဒပြကန့်ကွက်မှုတစ်ခုကို မည်သို့မည်ပုံ လူစုခွဲပစ်နိုင်ကြောင်း ဥပဒေတွင် ရှင်းလင်းတိကျစွာ ဖော်ပြပါရှိသင့်ပါသည်။

**<u>သတင်းအချက်အလက်ရယူပိုင်ခွင့် –</u>** နိုင်ငံတကာဒီမိုကရက်တစ်စံချိန်စံညွှန်းများနှင့်ညီသော သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရန်။ ထိုဥပဒေသည် နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေအပါအဝင် အခြားသောသတင်းအချက်အလက်ရပိုင်ခွင့်ကို ပိတ်ပင်ထားသည့် ဥပဒေအားလုံးကို လွှမ်းမိုးသင့်ပြီး သတင်းအချက်အလက်ဖော်ထုတ်သူအပေါ် အကာအကွယ်ပေးမှုများ ပါဝင်သင့်သည်။ ထို့အပြင် ဥပဒေအကောင်အထည်ဖော်မှုကို ကြီးကြပ်ရန် အားကောင်းသောအခွင့်အာဏာများ ပေးထားသည့် ယုံကြည်အားထားလောက်သော လွတ်လပ်သည့်ကော်မရှင်တစ်ရပ်ကို ဖန်တီးသင့်သည်။

**<u>လုံခြုံဘေးကင်းခြင်းနှင့်အကာအကွယ်ရှိခြင်း –</u>** တိုက်ခိုက်ရန် ခြိမ်းခြောက်မှုများအပါအဝင် သတင်းသမားများနှင့် လူ့ရပိုင်ခွင့်ကာကွယ်စောင့်ရှောက်သူများအပေါ် တိုက်ခိုက်မှုအားလုံးကို လူသိရှင်ကြား အတိအလင်း ရှုတ်ချပြစ်တင်ရန်နှင့် ထိုတိုက်ခိုက်မှုကို စီစဉ်ညွှန်ကြားသူ၊ ပူးပေါင်းကြံစည်သူ၊ အထောက်အပံ့ပေးသူ၊ အားပေးကူညီသူ သို့မဟုတ် ထိုပြစ်မှုမျိုးကို ဖုံးကွယ်ပေးသူများအပါအဝင် ပြစ်မှုကျူးလွန်သူများအား တရားစွဲဆိုရေးရည်ရွယ်ချက်နှင့်အတူ ဘက်မလိုက်သော၊ မဆိုင်းမတွလုပ်ဆောင်သော၊ စေ့စပ်သေချာသော လွတ်လပ်ပြီး ထိရောက်သည့် စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်ပေးရေး အာမခံရန်။

❑

**<u>လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အညွှန်းကိန်းများ – အကဲဖြတ်အမှတ်ပေးခြင်းနှင့် ဆွေးနွေးမှုအကျဉ်းချုပ်</u>**

**<u>ဥပဒေနှင့်လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ – အကဲဖြတ်အမှတ်ပေးခြင်း –</u> ၁၀ မှတ်အနက် ၀.၂ မှတ်**

**“ကျွန်တော်တို့က နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ အင်မတန်ကွာလှမ်းလွန်းလှပါတယ်ဗျာ”**
*(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)*

♦**<u>နိုင်ငံတကာစံချိန်စံညွှန်းများ –</u>** ပြီးခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် နိုင်ငံတော်က ဥပဒေပြုပြင်ပြောင်းလဲမှုတစ်စုံတစ်ရာလုပ်ခဲ့ပါသလား။ **(၀.၂ မှတ်)**
♦**<u>အသစ်ပြဋ္ဌာန်းသော နှင့်/သို့မဟုတ် ပြင်ဆင်ထားသော ဥပဒေများ/နည်းဥပဒေများ –</u>** ပြီးခဲ့သည့်နှစ်အတွင်း ဥပဒေအသစ်များ သို့မဟုတ် နည်းဥပဒေအသစ်များ တစ်စုံတစ်ရာရှိခဲ့ပါသလား။ ရှိခဲ့ပါက ယင်းတို့သည် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အား အားပေးပါသလား သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ပါသလား။ တည်ဆဲဥပဒေများ သို့မဟုတ် နည်းဥပဒေများအား ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတစ်စုံတစ်ရာ လုပ်ခဲ့ပါသလား။ လုပ်ခဲ့ပါက ထိုသို့ပြုလုပ်ခြင်းသည် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ခံပါသလား သို့မဟုတ် နှိပ်ကွပ်ပါသလား။ **(၀ မှတ်)**
♦**<u>အများပြည်သူထံ အကြံဉာဏ်တောင်းခံမှု –</u>** ပြီးခဲ့သည့်နှစ်အတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့်စပ်လျဉ်းသည့် ဥပဒေများနှင့်ပတ်သက်၍ အများပြည်သူထံ အကြံဉာဏ်တောင်းခံမှုများ ရှိခဲ့ပါသလား။ ရှိခဲ့ပါက ပါဝင်ပတ်သက်သူများနှင့် အများပြည်သူထံမှ အကြံဉာဏ်ပြန်ပေးရန် လုံလောက်သည့်အချိန် ရခဲ့ပါသလား။ အကြံဉာဏ်တောင်းခံမှုများကို လူသိရှင်ကြားထုတ်ပြန်ကြေညာခဲ့ပါသလား။ **(၀ မှတ်)**
♦**<u>ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်မှု –</u>** ပြီးခဲ့သည့်နှစ်အတွင်း (စာရွက်စာတမ်းပေါ်တွင် ချရေးမထားသည့် တရားမဝင်လုပ်ထုံးလုပ်နည်းများအပါအဝင်) ဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုက နိုင်ငံတော်အဆင့်နှင့်/သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို နှောင့်ယှက်ဟန့်တားခဲ့ပါသလား။ **(၀ မှတ်)**

**♦အများပြည်သူ ကြားသိမြင်မှု/ ပညာပေးဆွေးနွေးမှု** - ပြီးခဲ့သည့်နှစ်အတွင်း ပါဝင်ပတ်သက်သူများနှင့် အများပြည်သူတို့အား ဥပဒေအသစ်များကို သိမြင်အောင်နှင့် နားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးခဲ့ပါသလား။ **(၀ မှတ်)**

**ဥပဒေနှင့်လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များ - ဆွေးနွေးမှုအနှစ်ချုပ်**

♦မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်မှုပြုလုပ်နေသော လွှတ်တော်ကော်မတီသစ်တစ်ရပ် ပေါ်ပေါက်လာခြင်းသည် အစိုးရအတွက် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်၊ မီဒီယာအမှီအခိုကင်းမှုနှင့် သတင်းအချက်အလက်ရယူနိုင်မှုစသည့် ဒီမိုကရေစီအခွင့်အရေးများအား အာမခံချက်ပေးနိုင်ရန် အခွင့်အရေးတစ်ခုဖြစ်သည်။

♦ယေဘုယျအားဖြင့် ရှင်းလင်းတိကျသောအစိုးရအစီအစဉ်နှင့် အချိန်သတ်မှတ်ချက်မရှိသည့် အခြေအနေဖြစ်သော်လည်း ဥပဒေပြင်ဆင်မှုများနှင့်ဥပဒေသစ်ပြဋ္ဌာန်းမှုများမှာ ဖင့်နွေးလျော့ကျနေပဟန် ရှိခဲ့သည်။ ကတိပေးထားပြီးဖြစ်သည့် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေကဲ့သို့သော ဥပဒေများမှာ ဥပဒေပြုရေးအစီအစဉ်မှ ပျောက်ချင်းမလှ ပျောက်ကွယ်နေသည်။ မီဒီယာဥပဒေသစ်ကဲ့သို့သော ကတိပေးထားပြီးဖြစ်သည့် ဥပဒေပြင်ဆင်မှုများမှာလည်း ပေါ်ပေါက်လာခြင်း မရှိပေ။ ထိုသို့သောအချိန်တွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကဲ့သို့သော ပြဿနာတက်စေသည့် ဥပဒေပြင်ဆင်မှုများက ကတိမပေးဘဲ ပေါ်ထွက်လာခဲ့သည်။ နိုင်ငံတော်အနေဖြင့် ပြစ်မှုဆိုင်ရာဥပဒေနှင့် နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေကဲ့သို့သော ပြင်ဆင်ရန် အရေးတကြီးလိုအပ်နေသည့်ဥပဒေများအား လျစ်လျူရှုထားခဲ့သည်။ အများပြည်သူထံ အကြံဉာဏ်တောင်းခံမှုများကား ရှားရှားပါးပါးပင်။

♦ဥပဒေအများအပြားမှာ နိုင်ငံတော်အစိုးရအာဏာရှိများ၏ တလွဲအသုံးချမှုကို ဆက်လက်ခံနေရဆဲဖြစ်သည်။ မကြာခဏဆိုသလို ဝေဖန်ပြောဆိုမှုကို အပြစ်ပေးရန်နှင့် မိမိဘာသာမိမိ ဆင်ဆာပြုလုပ်ခြင်းကို အားပေးအားမြှောက်ပြုရန် မလိုမုန်းထားသော ရည်ရွယ်ချက်ဖြင့် အငြိုးထားပြုလုပ်နေဆဲဖြစ်သည်။ တစ်ဦးချင်း လူပုဂ္ဂိုလ်များကလည်း မပြတ်မသားနိုင်လှ၍ အလွန်အကျွံ ချဲ့ကားထားသောရာဇဝတ်မှုဥပဒေများကို ပုဂ္ဂလိကအငြင်းပွားမှုများတွင် တလွဲအသုံးချနေကြသည်။ အကြောင်းမှာ ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှု၏ ကုန်ကျစရိတ်အားလုံးကို နိုင်ငံတော်က ကျခံခြင်းဖြစ်ရာ အနည်းငယ်မျှသာ အကုန်အကျခံ၍ သို့မဟုတ် ကုန်ကျစရိတ်မရှိဘဲ တရားစွဲဆိုနိုင်သောကြောင့် ဖြစ်သည်။ တစ်ချိန်တည်းတွင် အသံလွှင့်လုပ်ငန်းဥပဒေကဲ့သို့သော အပူတပြင်းလိုအပ်နေသည့် ဥပဒေများမှာ အတည်ပြုချက်ချမှတ်ပြီးနောက်ပိုင်း နှစ်ပေါင်းများစွာ အကောင်အထည်မဖော်နိုင်သေးဘဲ ရှိနေဆဲဖြစ်သည်။

♦တရားစီရင်ရေးဆုံးဖြတ်မှုများမှာ အများအားဖြင့် အပြစ်ပေးလိုသောသဘောဖြင့်လည်းကောင်း၊ နိုင်ငံတော်နှင့်တိုင်ကြားသူကို မျက်နှာသာပေးလိုသောသဘောဖြင့်လည်းကောင်း ဥပဒေများကို အမြဲတစေအဓိပ္ပာယ်ပြန်ဆိုလေ့ရှိကြပြီး တရားဝင်ရေးသားထုတ်ဖော်ပြောဆိုမှုပြုကြသည့် သတင်းသမားများနှင့် အခြားလူပုဂ္ဂိုလ်များအား အငြင်းပွားစရာ အခြေခံပေါ်တွင် မတန်တဆထောင်ဒဏ်များ စီရင်နေကြသည်။

♦မြန်မာနိုင်ငံရှိ ရာဇဝတ်မှုဥပဒေ ၆ ခုကို အစားထိုးမည့် တရားမအသရေဖျက်မှုဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းဖြင့် အသရေဖျက်မှုအား ရာဇဝတ်မှုအဖြစ် မသတ်မှတ်ရန် လှုပ်ရှားမှုတစ်ခုကို အရပ်ဖက်လူမှုအဖွဲ့အစည်းများစုပေါင်းထားသည့် အဖွဲ့အစည်းတစ်ခုက စတင်ခဲ့သည်။ ထိုစုပေါင်းအဖွဲ့ကို ယခင်က ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) အဖွဲ့များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ဖွဲ့တည်ခဲ့ခြင်း ဖြစ်သည်။

❑

**သတင်းမီဒီယာအမှီအခိုကင်းမှုနှင့်လွတ်လပ်မှု - အကဲဖြတ်အမှတ်ပေးခြင်း - ၁၀ မှတ်အနက် ၁.၄ မှတ်**

**“ဝါဒဖြန့်ချိရေးလုပ်ဖို့ နိုင်ငံတော်ပိုင်မီဒီယာကို အများပြည်သူပိုင် ရန်ပုံငွေတွေနဲ့ ငွေကြေးထောက်ပံ့နေတာဟာ အများပြည်သူကို စော်ကားမှုတစ်ခု ဖြစ်တယ်”**

*(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)*

**♦ဥပဒေအရ အရေးယူမှုများ** - ပြီးခဲ့သည့်နှစ်အတွင်း မီဒီယာအပေါ် ဥပဒေအရ အရေးယူမှုအသစ်များ သို့မဟုတ် အရေးယူဆဲအမှုများမှာ တရားမျှတမှု ရှိပါရဲ့လား။ ယင်းတို့သည် မီဒီယာအမှီအခိုကင်းမှုအပေါ် နှိပ်ကွပ်မှုပြုခဲ့ပါသလား။ **(၀ မှတ်)**

**♦သတင်းမီဒီယာကောင်စီ** - ပြီးခဲ့သည့်နှစ်အတွင်း သတင်းမီဒီယာကောင်စီအနေဖြင့် သတင်းမီဒီယာကဏ္ဍကို ထိထိရောက်ရောက် ကိုယ်စားပြုခဲ့ပါသလား/ထောက်ခံမှုပြုခဲ့ပါသလား။ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲမှ ပေါ်ပေါက်လာသည့် ကောင်စီဝင်များမှာ တရားမျှတမှုရှိပါရဲ့လား၊ ပွင့်လင်းမြင်သာမှုရှိပါရဲ့လား။ **(၀.၅ မှတ်)**

**♦နိုင်ငံတော်ပိုင်မီဒီယာ** - ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ပိုင်မီဒီယာ ပိတ်သိမ်းရေးကြိုးပမ်းမှုများအပါအဝင်

နိုင်ငံတော်(အစိုးရနှင့်စစ်ဖက်)မီဒီယာများ၏ အခွင့်အာဏာနှင့်အခွင့်ထူးခံမှုများအား ပြည့်ဖုံးကားချရန် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ပါသလား။ **(၀ မှတ်)**

♦**ပုဂ္ဂလိကပိုင်မီဒီယာ -** ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကပိုင်/လွတ်လပ်အမှီအခိုကင်းသော မီဒီယာအတွက် တိုးတက်၍ လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင်အခြေအနေတစ်ရပ် ဖန်တီးရန် အခိုင်အမာ ကြိုးပမ်းအားထုတ်မှုများ လုပ်ခဲ့ပါသလား။ ပုဂ္ဂလိကပိုင်မီဒီယာတွင် ဘဏ္ဍာငွေရရှိရေး၊ အများပြည်သူသို့ ကြေညာမှုပြုရေး၊ ဖြန့်ချိရေးကွန်ရက်များ၊ ပုံနှိပ်တိုက်များ၊ ပံ့ပိုးမှုများ၊ အခွန်သက်သာခွင့်များစသည့် ကျိုးကြောင်းဆီလျော်၍ နှင့်/သို့မဟုတ် တိုးတက်မှုရှိသောအခွင့်အလမ်းများ ရှိခဲ့ပါရဲ့လား။**(၀ မှတ်)**

♦**အထူးမီဒီယာလိုင်စင် -** ပြီးခဲ့သည့်နှစ်အတွင်း မီဒီယာအနေဖြင့် အထူးလိုင်စင်/မှတ်ပုံတင် ပြုလုပ်ရခြင်း ရှိနေဆဲလား။ မတူကွဲပြားစုံလင်သောမီဒီယာများအနေဖြင့် လိုင်စင်ထုတ်ပေးရေးအဖွဲ့ ရှိသည့်ကြားမှ လုပ်ငန်းလည်ပတ်နိုင်ခဲ့ပါသလား။ **(၀.၉ မှတ်)**

**သတင်းမီဒီယာအမှီအခိုကင်းမှုနှင့် လွတ်လပ်မှု - ဆွေးနွေးမှုအနှစ်ချုပ်**

♦သတင်းလွတ်လပ်ခွင့်ကို အရေးထား လေးစားရန်နှင့် သတင်းသမားများအနေဖြင့် ခြိမ်းခြောက်မှု သို့မဟုတ် လက်တုံ့ပြန်မှုကို မစိုးရိမ် မကြောက်ရွံ့ရဘဲ လွတ်လပ်စွာသတင်းရေးသားနိုင်စေရန် အရေးတကြီး လုပ်ဆောင်မှု လိုအပ်နေပါသည်။ မီဒီယာလွတ်လပ်ခွင့်တိုးတက်ရေး စီမံချက်တစ်ရပ်ကို အကောင်အထည်ဖော်ရန် နိုင်ငံတော်အနေဖြင့် ပွင့်လင်း၍ အားလုံးပါဝင်သော သတင်းသမားများနှင့် တွေ့ဆုံအကြံဉာဏ်တောင်းခံမှုတစ်ခုကို လုပ်ဆောင်သင့်ပါသည်။

♦ရိုက်တာသတင်းထောက်များဖြစ်သည့် ကိုဝလုံးနှင့်ကိုကျော်စိုးဦးတို့အပေါ် တရားမျှတမှုမရှိသော စီရင်ဆုံးဖြတ်မှုနှင့်ထောင်ဒဏ်အပြစ်ပေးမှုက မီဒီယာလွတ်လပ်ခွင့်နှင့်ပတ်သက်၍ အထူးသဖြင့် အပစ်ပယ်ခံအစုများအပေါ် နိုင်ငံတော်၏ မတရားပြုမှုဆက်ဆံမှုအကြောင်း သတင်းရေးသားတင်ပြမှုနှင့်ပတ်သက်၍ ကြောက်မက်ဖွယ်အကျိုးသက်ရောက်မှုတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ ယင်းတို့အပေါ် ပြစ်ဒဏ်စီရင်မှုအား ပယ်ဖျက်ပေးသင့်ပြီး လုံလောက်သောနစ်နာကြေး ပေးသင့်ပါသည်။ လတ်တလောတွင် ယင်းတို့အား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်နှင့် လွတ်ပေးသင့်ပါသည်။ နိုင်ငံတော်အနေဖြင့် ယင်းတို့မှာ ရည်ရွယ်ချက်ရှိရှိ ထောင်ချောက်ဆင်အဖမ်းခံခဲ့ရခြင်းဖြစ်ကြောင်း၊ ဥပဒေအခွင့်အရေးများ ငြင်းပယ်ခံခဲ့ရကြောင်းနှင့် ယင်းတို့သည် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာကျဆင်းစေသော ပြုမူဆက်ဆံမှုနှင့် ညှဉ်းပမ်းနှိပ်စက်မှုများ ခံခဲ့ရကြောင်း စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးရန် လွတ်လပ်သောစုံစမ်းရေးအဖွဲ့တစ်ခုကိုလည်း တည်ထောင်ပေးသင့်ပါသည်။

♦ပြစ်မှုဆိုင်ရာဥပဒေ၊ မတရားအသင်းအက်ဥပဒေနှင့် နိုင်ငံတော် လျှို့ဝှက်ချက်အက်ဥပဒေကဲ့သို့သော ကိုလိုနီခေတ်ဥပဒေများအပါအဝင် သတင်းမီဒီယာအမှီအခိုကင်းမှုနှင့်လွတ်လပ်မှုကို လွန်လွန်ကဲကဲကန့်သတ်ချုပ်ချယ်သည့် ဖိနှိပ်ရေးဥပဒေများအား လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်စောင့်ရှောက်ရန် ပြုပြင်ပြောင်းလဲပစ်သင့်ပါသည်။ တစ်ချိန်တည်းတွင် ထိုဥပဒေများကို သတင်းသမားများနှင့် အယ်ဒီတာများအား ခြိမ်းခြောက်ရန်၊ ဖမ်းဆီးရန် သို့မဟုတ် အကျဉ်းချရန် အသုံးမပြုသင့်ပါ။

♦ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ကဲ့သို့သော ပြစ်မှုဆိုင်ရာအသရေဖျက်မှု ပြဋ္ဌာန်းချက်များသည် မီဒီယာလွတ်လပ်ခွင့်ကို ခြိမ်းခြောက်နေသည်။ အကြောင်းမှာ ယင်းတို့သည် သဲကွဲမှုမရှိ၊ အလွန်အကျူးချဲ့ကား၍ အလွယ်တကူ တလွဲအသုံးချနိုင်သောကြောင့်ပင်ဖြစ်သည်။ ထို့အပြင် အမှုအခင်းများတွင် စွပ်စွဲခံရသူအပေါ် အမြဲတစေ အင်အားသုံးဖိစီးလေ့ရှိပြီး အပြစ်ပေးအရေးယူမှုများမှာလည်း အချိုးအစား မမျှမတဖြစ်နေတတ်သည်။

♦သတင်းသမားများအနေဖြင့် တစ်နိုင်ငံလုံးရှိ အစိုးရဌာနအားလုံး၏ နိုင်ငံတော်အရာရှိများထံ လုံလောက်စွာနှင့် အချိန်မီစွာ လက်လှမ်းမီနိုင်ခွင့် ရှိရမည်ဖြစ်သည့်အပြင် အများပြည်သူကိုယ်စား နိုင်ငံတော်က ကျင်းပသည့် သတင်းအချက်အလက်ထုတ်ပြန်ပွဲများသို့ တက်ရောက်သတင်းယူခွင့်ရှိရမည် ဖြစ်သည်။ အပြန်အလှန်အားဖြင့် နိုင်ငံတော်သည် ယင်း၏အရာရှိများအား သတင်းသမားများနှင့် တွေ့ဆုံစကားပြောရန် အားပေးသင့်ရုံသာမက ထိုသို့ပြုလုပ်ခြင်းအတွက် ဂယက်ရိုက်မှုတစ်စုံတစ်ရာဖြစ်ပေါ်ခြင်းမှလည်း အကာအကွယ်ပေးသင့်သည်။

♦နိုင်ငံတော်က ကျင်းပသော သတင်းထုတ်ပြန်ပွဲများသို့ သတင်းသမားများ တက်ရောက်ခွင့်ရှိရေးနှင့် သတင်းသမားများကို အကာအကွယ်ပေးသည့် သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေအား ပြဋ္ဌာန်းပေးရမည်ဖြစ်ပြီး အတုံ့အလှည့်အားဖြင့် သတင်းသမားများအား သတင်းအချက်အလက်ထုတ်ပြန်ပေးသည့်ပုဂ္ဂိုလ်များကိုလည်း အကာအကွယ်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် ထုတ်ပြန်သောသတင်းအချက်အလက်မှာ မဟုတ်မမှန်ပြုလုပ်မှုနှင့်ပတ်သက်နေသောနေရာတွင် ဖြစ်သည်။

♦နိုင်ငံတော်အနေဖြင့် အသံလွှင့်ဥပဒေအကောင်အထည်ဖော်ခြင်းနှင့် စုံလင်ကွဲပြားသော အသံလွှင့်လုပ်ငန်းလိုင်စင်လျှောက်ထားသူများအား မျှတစွာ လိုင်စင်ချထားပေးခြင်းအပါအဝင် အသံလွှင့်လုပ်ငန်းကဏ္ဍ ခိုင်မာအားကောင်းအောင် လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲမတိုင်မီ ကြိုတင်၍ အသံလွှင့်လုပ်ငန်းသမားများအား လုပ်ငန်းလည်ပတ်ဆောင်ရွက်စေသင့်သည်။ သို့မှသာ မဲဆန္ဒရှင်များအနေဖြင့် မတူကွဲပြားသောသဘောထားအမြင်မျိုးစုံကို သိရှိနိုင်ပြီး ရွေးကောက်ပွဲတွင် အသိရှိရှိ

မဲပေးနိုင်မည်ဖြစ်သည်။ အများပြည်သူထံ အမြင်အယူအဆများနှင့် သတင်းအချက်အလက်များ အများဆုံးရောက်ရှိစေရေးအတွက် ဒေသိယဘာသာစကားမျိုးစုံဖြင့် လွှင့်ထုတ်သော ဒေသခံအသံလွှင့်ချန်နယ်များအပါအဝင် အသံလွှင့်လုပ်ငန်းလိုင်စင်များအား ထုတ်ပေးသင့်သည်။

♦သတင်းမီဒီယာကောင်စီကို တရားဝင်လွတ်လပ်မှုရှိစေရန် နိုင်ငံတော်က သတင်းမီဒီယာဥပဒေအား ပြင်ဆင်ပေးသင့်သည်။ ထိုဥပဒေတွင် ကောင်စီဝင်အားလုံးကို မီဒီယာနှင့်အရပ်ဖက်လူမှုအဖွဲ့အစည်းများကသာ ရွေးချယ်တင်မြှောက်ရမည်ဖြစ်ပြီး နိုင်ငံတော်က ရွေးချယ်ပေးသောအဖွဲ့ဝင်များ မရှိစေရပါ။ နိုင်ငံတော်အရာရှိများအနေဖြင့် မီဒီယာနှင့်ဖြစ်သော အငြင်းပွားမှုတစ်ခုခုကို ဖြေရှင်းရန် သတင်းမီဒီယာကောင်စီကိုသာ အသုံးပြုစေရေးကိုလည်း နိုင်ငံတော်က အာမခံပေးရန် တာဝန်ရှိသည်။ နိုင်ငံတော်အနေဖြင့် တိုင်ကြားမှုတစ်စုံတစ်ခုကို နိုင်ငံတော်အရာရှိများက သတင်းမီဒီယာကောင်စီသို့ လွှဲအပ်ပေးရန် လိုအပ်ချက်အား အစိုးရလက်စွဲစာအုပ်များတွင် တရားဝင်ထည့်သွင်းပေးနိုင်သည်။

♦ပြန်ကြားရေးဝန်ကြီးဌာနနှင့် စစ်ဖက်မှတစ်ဆင့် တိုက်ရိုက်ထိန်းချုပ်ခြင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများနှင့်နိုင်ငံတော်အကြား မိတ်ဖက်လုပ်ဆောင်မှုများမှတစ်ဆင့် သွယ်ဝိုက်ထိန်းချုပ်ခြင်းအပါအဝင် မီဒီယာအပေါ် နိုင်ငံတော်(အစိုးရနှင့်စစ်ဖက်)ထိန်းချုပ်မှုအားလုံး ရပ်ဆိုင်းပစ်ရန် စီမံချက်နှင့်အချိန်ဇယားတစ်ခု လုပ်ဆောင်အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထို့အပြင် ယာယီနှင့်အမြဲတမ်းအသံလွှင့်လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းအပေါ် နိုင်ငံတော်၏ ချုပ်ကိုင်မှုကိုလည်း ရပ်ဆိုင်းပစ်ရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်ပိုင်မီဒီယာများအတွက် ဘတ်ဂျက်နှင့်အခြားအရင်းအမြစ်များ တိုးမြှင့်တောင်းခံမှု တစ်စုံတစ်ရာရှိပါက ပယ်ချပစ်သင့်ပြီး နိုင်ငံတော်ပိုင်မီဒီယာ၏ အယ်ဒီတာအဖွဲ့ ဆုံးဖြတ်ချက်များတွင် တရားဝင်ဝင်ရောက်စွက်ဖက်မှုများကိုလည်း ရပ်ဆိုင်းပစ်သင့်ကာ အမြင့်ဆုံးအဆင့် အာဏာပိုင်များအပါအဝင် တစ်ဦးချင်းလူပုဂ္ဂိုလ်များက ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခြင်းကိုလည်း သင့်တော်သော စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်များအရသာ ဆောင်ရွက်သင့်ပါသည်။

❑

**<u>ဒစ်ဂျစ်တယ်လွတ်လပ်မှု - အကဲဖြတ်အမှတ်ပေးခြင်း -</u> ၁၀ မှတ်အနက် ၁.၄ မှတ်**

**"လူတွေက သူတို့ရေးချင်တဲ့အကြောင်းအရာတွေကို အွန်လိုင်းမှာ ရေးဖို့ ကြောက်နေကြတယ်။ တခြားလူတွေက ဆန့်ကျင်ဘက်သဘော မြင်သွားမှာကို ကြောက်ကြတာ။ ဒီတော့ သူတို့ဘာသာသူတို့ ဆင်ဆာလုပ်နေကြရတယ်"**

*(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)*

**<u>♦မူဝါဒများ -</u>** ပြီးခဲ့သည့်နှစ်အတွင်း အချက်အလက်ပိုင်ဆိုင်ခွင့်၊ အချက်အလက်ကာကွယ်စောင့်ရှောက်မှုနှင့် ရပိုင်ခွင့်(အင်တာနက်သို့ဝင်ရောက်မှု၊ စျေးနှုန်း၊ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း စသည်ဖြင့်)အပါအဝင် ဒစ်ဂျစ်တယ်လွတ်လပ်ခွင့်ကို အထောက်အပံ့ပေးသည့်၊ တိုးတက်အောင် ပြုလုပ်ပေးသည့် နိုင်ငံတော်မူဝါဒများ ရှိခဲ့ပါသလား။ **(၀.၇ မှတ်)**

**<u>♦အွန်လိုင်းရေးသားထုတ်ဖော်ပြောဆိုမှု -</u>** ပြီးခဲ့သည့်နှစ်အတွင်း စာရေးဆရာများ၊ ဘလော့ဂ်ဂါများနှင့် တစ်ဦးချင်းလူပုဂ္ဂိုလ်များအနေဖြင့် အွန်လိုင်းပေါ်တွင် တက်တက်ကြွကြွပါဝင်ပြီး ပို့စ်များ တင်နိုင်ခဲ့ပါသလား။ **(၀ မှတ်)**

**<u>♦ဥပဒေအရ အရေးယူမှုများ -</u>** ပြီးခဲ့သည့်နှစ်အတွင်း တစ်ဦးချင်းလူပုဂ္ဂိုလ်များအပေါ် ယင်းတို့၏ ရေးသားထုတ်ဖော်ပြောဆိုမှုများအတွက် ဥပဒေအရ အရေးယူမှုများ ရှိခဲ့ပါသလား။ (ဥပမာ - ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် သို့မဟုတ် အခြားပုဒ်မများဖြင့်) **(၀ မှတ်)**

**<u>♦ပုဂ္ဂလိကလွတ်လပ်ခွင့်/စောင့်ကြည့်ထောက်လှမ်းမှု -</u>** ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတော်အနေဖြင့် အွန်လိုင်းပုဂ္ဂလိက လွတ်လပ်ခွင့်ကို ကာကွယ်ပေးရန် လုပ်ဆောင်ခဲ့ပါသလား သို့မဟုတ် အွန်လိုင်းစောင့်ကြည့်ထောက်လှမ်းမှု/စောင့်ကြည့်လေ့လာမှု ပြုလုပ်ခဲ့ပါသလား။ ဆိုက်ဘာရာဇဝတ်မှုဥပဒေကြမ်းနှင့်ပတ်သက်သော အရေးယူဆောင်ရွက်မှုတစ်ခုခု ပြုလုပ်ခဲ့ပါသလား။ အထူးသဖြင့် အွန်လိုင်းလွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အား ဟန့်တားနှောင့်ယှက်မှု မပြုရေးကို အာမခံခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့ပါသလား။ **(၀ မှတ်)**

**<u>♦အမုန်းစကား/အန္တရာယ်ဖြစ်စေသော စကား -</u>** ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတော်အနေဖြင့် အမုန်းစကား/အန္တရာယ်ဖြစ်စေသောစကား၊ သတင်းမှားနှင့်လုပ်ကြံသတင်းများအား ထိထိရောက်ရောက် တုံ့ပြန်ဆန့်ကျင်တိုက်ဖျက်ရန် လုပ်ဆောင်ခဲ့ပါသလား။**(၀.၇ မှတ်)**

**<u>ဒစ်ဂျစ်တယ်လွတ်လပ်မှု - ဆွေးနွေးချက်အနှစ်ချုပ်</u>**

**"မြန်မာနိုင်ငံရဲ့ ဘယ်ဒစ်ဂျစ်တယ်မူဝါဒကမှ ပြီးပြည့်စုံတာ မရှိပါဘူး။ တချို့က တိုးတက်ကောင်းမွန်လာပြီး တချို့ကတော့**

**တိုးတက်ကောင်းမွန်လာခြင်း မရှိပါဘူး။ ဒါပေမဲ့ အနည်းဆုံးတော့ ကျွန်တော်တို့အနေနဲ့ တကယ်တမ်း ဘာဖြစ်မယ်သာ မသိသေးပေမယ့် ရှေ့ကို ဦးတည်တဲ့လှုပ်ရှားမှုတစ်ခုတော့ ရှိခဲ့ပါတယ်''**

*(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)*

♦နိုင်ငံတော်က ဆင်းမ်ကတ်မှတ်ပုံတင်မှု မလုပ်မနေရ ပြဋ္ဌာန်းခဲ့ရာ အကျိုးဆက်မှာ ဆက်သွယ်ရေးလုပ်ငန်းများကို သီးခြားလူပုဂ္ဂိုလ်များအပေါ် အသုံးချမှုဖြစ်ပေါ်စေနိုင်ပြီး ယင်းတို့၏ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ထိပါးစေကာ မိမိဘာသာမိမိ ဆင်ဆာပြုလုပ်မှုသို့ ဦးတည်ရောက်ရှိစေခဲ့သည်။

♦အသစ်တည်ထောင်ဖွဲ့စည်းလိုက်သော ဆိုရှယ်မီဒီယာစောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် ဘာလုပ်နေသလဲ သို့မဟုတ် လွှတ်တော်က ခွင့်ပြုခွဲဝေချထားပေးသော ဘတ်ဂျက်အား ယင်းတို့က မည်ကဲ့သို့အသုံးပြုခဲ့ပါသလဲဆိုသည်မှာ ရှင်းလင်းပြတ်သားမှု မရှိသေးပါ။ အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် ဆိုရှယ်မီဒီယာစောင့်ကြည့်လေ့လာရေးအဖွဲ့သည် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် ပုဂ္ဂလိကလွတ်လပ်ခွင့်အား ကာကွယ်စောင့်ရှောက်ရန် မည်သည့်အကာအကွယ်ပေးမှုမျိုးမျှ မပြုလုပ်ဘဲ အစုလိုက်အပြုံလိုက်စောင့်ကြည့်ထောက်လှမ်းမှု ပြုလုပ်နေသလားဆိုသည်ကို စိုးရိမ်ပူပန်နေကြသည်။

♦တယ်လီကွန်းကုမ္ပဏီများအနေဖြင့် ယင်းတို့အား အသုံးပြုသူများ၏ အချက်အလက်ကို တောင်းခံမှုများမှာ ဥပဒေနှင့်ညီမညီသေချာစေရန် သင့်တော်သည့်အာမခံမှုတစ်စုံတစ်ခုမျှ မရှိဘဲ ထိုဒေတာများကို မလွဲသာမရှောင်သာ ထုတ်ပေးရသည်။ အသုံးပြုသူများ၏အခွင့်အရေးမှာ အချက်အလက်တောင်းခံမှုအပေါ် တရားဥပဒေအရ ကြီးကြပ်မှုဖြင့် အကာအကွယ်ပေးမှု မရကြချေ။

♦ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)အပါအဝင် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းအား ပယ်ဖျက်ပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ညီသော အချိုးအစားမျှတသည့် တစ်ခုတည်းသော တရားမအသရေဖျက်မှုဥပဒေတစ်ရပ်ဖြင့် အစားထိုးရမည်။

♦အွန်လိုင်းအသုံးပြုသူများ၏ ပုဂ္ဂလိကလွတ်လပ်ခွင့်အတွက် အကာအကွယ်ပေးမှုကို ထပ်မံဖြည့်စွက်ခြင်းအပါအဝင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ညီညွတ်အောင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေအား ပြုပြင်ပြောင်းလဲရမည်။

♦အချက်အလက်အကာအကွယ်ပေးမှုနှင့် တရားဝင်သတင်းကြားဖြတ်ရယူမှုဆိုင်ရာ ပြည့်စုံလုံလောက်သော ပြဋ္ဌာန်းချက်များအပါအဝင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အွန်လိုင်းအသုံးပြုသူများ၏ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို အကာအကွယ်ပေးသည့် ဆိုက်ဘာပေါ်လစီမူဘောင်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။

♦မီဒီယာနှင့် မြန်မာနိုင်ငံပညာရေးစနစ်မှတစ်ဆင့် ဒစ်ဂျစ်တယ်တတ်မြောက်မှုကို မြှင့်တင်ပေးရမည်။

♦အွန်လိုင်းတွင် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ကျွမ်းကျင်ပိုင်နိုင်ပြီး ဒစ်ဂျစ်တယ်ရပိုင်ခွင့်ဆိုင်ရာ အများပြည်သူငြင်းခုံဆွေးနွေးမှုတစ်ခုကို ဦးဆောင်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်များအား ပြုစုပျိုးထောင်ပေးရမည်။

♦အခြားသူများ အငြင်းပွားစေမည့်အကြောင်းအရာများအား အွန်လိုင်းပေါ်တွင် မိမိကိုယ်တိုင် ရေးသားထုတ်ဖော်ပြောဆိုခြင်းနှင့်ပတ်သက်၍ အွန်လိုင်းအသုံးပြုသူများအကြား စိုးရိမ်ကြောက်ရွံ့မှုတစ်ခု ရှိနေသည်။ ဤစိုးရိမ်ကြောက်ရွံ့မှုမှာ အထူးသဖြင့် ဘာသာရေး၊ ကျား-မ၊ လိင်၊ လူမျိုးဓလေ့ထုံးစံ သို့မဟုတ် နိုင်ငံရေးသဘောထားအမြင်တို့နှင့်ပတ်သက်၍ ရေးသားထုတ်ဖော်ပြောဆိုမှုများနှင့် ဆက်စပ်နေသော ကိစ္စမျိုးတွင် ဖြစ်သည်။ ထိုသို့အငြင်းပွားစရာအကြောင်းအရာများကို ကိုယ်တိုင်ရေးသားထုတ်ဖော်ပြောဆိုသူ သို့မဟုတ် အပစ်ပယ်ခံအုပ်စုတစ်စုမှလာသော အွန်လိုင်းအသုံးပြုသူများမှာ သူတို့၏ ရေးသားထုတ်ဖော်ပြောဆိုမှုအကျိုးဆက်ရလဒ်တစ်ခုအနေဖြင့် ဟန့်တားနှောင့်ယှက်မှုနှင့် မိမိဘာသာမိမိ ဆင်ဆာလုပ်ရခြင်းတို့ကို ကြုံရသည်။

♦ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ကဲ့သို့သော မကွဲပြားသော၊ အလွန်အကျူးချဲ့ကားထားသောဥပဒေများကို မလိုမုန်းထားသဘောဖြင့် တလွဲအသုံးပြုမှုတွင် ပြင်းထန်ဆိုးရွား၍ ကြောက်မက်ဖွယ်သက်ရောက်မှုတစ်ခု ရှိခဲ့သည်။ ဥပမာအားဖြင့် သတင်းသမားကိုဆွေဝင်းသည် အွန်လိုင်းပေါ်တွင် သူ ရေးသားခဲ့သောမှတ်ချက်များအတွက် ၂ နှစ်ကျော်ကြာ တရားစွဲဆိုမှုတစ်ခုကို ရင်ဆိုင်တိုက်ပွဲဆင်နေခဲ့ရသည်။ အခြားသော နာမည်ကြီးသည့်အမှုတစ်ခုမှာ တပ်မတော်ကိုစော်ကားခြင်းနှင့် အသရေဖျက်ခြင်းကြောင့် ရုပ်ရှင်ဒါရိုက်တာ မင်းထင်ကိုကိုကြီးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅ (က)နှင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)တို့ဖြင့် ၂၀၁၉ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ဒါရိုက်တာ မင်းထင်ကိုကိုကြီးသည် အသက်အန္တရာယ်ရှိသည့် ဝေဒနာခံစားနေရသူ ဖြစ်သည်။

❑

**<u>လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့် - အကဲဖြတ်အမှတ်ပေးခြင်း -</u> ၁၀ မှတ်အနက် ၀.၁ မှတ်**

**''ခင်ဗျားရဲ့လှုပ်ရှားမှုက အစိုးရကို ထောက်ခံတာဆိုရင် ခင်ဗျားရဲ့ဆန္ဒပြခွင့် လျှောက်ထားမှုကို လက်ခံတယ်။ တကယ်လို့ ခင်ဗျားရဲ့လှုပ်ရှားမှုက အစိုးရကို မထောက်ခံဘူးဆိုရင် အာဏာပိုင်တွေက ခင်ဗျားလျှောက်လွှာကို ပယ်ချပစ်ပြီး မင်း ဆန္ဒပြခွင့်**

**မရှိဘူးလို့ ပြောတော့တာပဲ’’**

*(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)*

**♦နိုင်ငံတကာစံချိန်စံညွှန်းများ –** ပြီးခဲ့သည့်နှစ်အတွင်း အစိုးရအနေဖြင့် လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့်ဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အမိန့်ညွှန်ကြားချက်များအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်ခဲ့ပါသလား။ **(၀.၁ မှတ်)**

**♦လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့် –** ပြီးခဲ့သည့်နှစ်အတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ စာရေးဆရာများ၊ သတင်းသမားများနှင့် တစ်ဦးချင်းလူပုဂ္ဂိုလ်များအနေဖြင့် သူတို့၏သဘောထားအမြင်များအား လွတ်လပ်စွာ ဖော်ပြနိုင်ခဲ့ပါရဲ့လား။ စုဝေးမှု၊ ဆန္ဒပြမှုများအား ပြုလုပ်နိုင်ခဲ့ပါရဲ့လား။ ဖန်တီးမှုပါသော ထုတ်ဖော်ပြသမှုများတွင် ပါဝင်လုပ်ဆောင်နိုင်ခဲ့ပါရဲ့လား။ **(၀ မှတ်)**

**♦ဥပဒေအရ အရေးယူမှုများ –** ပြီးခဲ့သည့်နှစ်အတွင်း ဥပဒေအရ အရေးယူမှုအသစ်များ သို့မဟုတ် အရေးယူဆဲအမှုများအနေဖြင့် လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့်များကိုအားပေးခဲ့ပါသလား သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ခဲ့ပါသလား။**(၀ မှတ်)**

**♦ခွင့်ပြုချက် –** ပြီးခဲ့သည့်နှစ်အတွင်း စုဝေးခွင့် သို့မဟုတ် ဆန္ဒပြခွင့်များအား ခွဲခြားဆက်ဆံမှုမပြုဘဲ သင့်တင့်သောလုပ်ဆောင်ချက်နှင့် သင့်တင့်သောအချိန်ကာလအတွင်း ရယူနိုင်ခဲ့ပါရဲ့လား။ **(၀ မှတ်)**

**♦ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း –** ပြီးခဲ့သည့်နှစ်အတွင်း ဥပဒေစိုးမိုးရေးအရာရှိများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် အခြား တာဝန်ခံများအနေဖြင့် တစ်ဦးချင်းလူပုဂ္ဂိုလ်များ၏ လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့်များအား အသိအမှတ်ပြု အလေးထားလေးစားခဲ့ပါသလား။ (အဓိကရုဏ်းထိန်းသိမ်းမှုနှင့်ပတ်သက်သောကိစ္စများအပါအဝင်)ယင်းတို့၏ လုပ်ငန်းများအား ဆောင်ရွက်စဉ် ပညာရှင် ပီသစွာနှင့် သင့်တင့်မျှတစွာ လုပ်ဆောင်ခဲ့ကြပါရဲ့လား။ **(၀ မှတ်)**

**လွတ်လပ်စွာ စုဝေးခွင့်၊ ပြောဆိုခွင့်နှင့် ထင်မြင်ယူဆခွင့် – ဆွေးနွေးမှုအနှစ်ချုပ်**

♦အသံ(Athan)အဖွဲ့၏ အဆိုအရ ၂၀၁၈ ခုနှစ်အတွင်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်အမျိုးမျိုးအောက်တွင် အမှု ၃၆ မှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၂၉ ဦး တရားစွဲဆိုခံခဲ့ရကြောင်း သိရသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ)ဖြင့်လည်း တရားစွဲ ၁၄ မှု ရှိခဲ့ပြီး ၃၃ ဦး တရားစွဲဆိုခံခဲ့ရသည်။

♦၂၀၁၈ ခုနှစ် ဧပြီလတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။ ဆက်လက်လုပ်ဆောင်မှုမရှိသေးသော ထိုဥပဒေတွင် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အား ထိခိုက်စေမည့် ပြင်ဆင်ချက် ၅ ခု ပါဝင်သည်။

♦၂၀၁၇ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရက ထုတ်ပြန်ကြေညာခဲ့သည့် ရန်ကုန်မြို့တွင်း ၁၁ မြို့နယ်တွင် ဆန္ဒပြမှုများအား ခွင့်မပြုကြောင်း ပိတ်ပင်ချက်ကိုလည်း ယနေ့အထိ မရုတ်သိမ်းသေးပါ။ အကျိုးဆက်တစ်ရပ်အနေဖြင့် ထိုမြို့နယ်များမှ ဆန္ဒပြသူများသည် ယင်းတို့၏ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အား အသုံးမပြုနိုင်ကြပေ။

♦အရပ်ဖက်လူမှုအဖွဲ့အစည်းများက အခမ်းအနားများ၊ သင်တန်းများ ပြုလုပ်ဆောင်ရွက်ရာတွင်လည်း အခက်အခဲရှိလာခဲ့သည်။ အခမ်းအနား သို့မဟုတ် သင်တန်းပြုလုပ်ခွင့်အတွက် ခွင့်ပြုချက်တင်ရန် ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များက ဖိအားပေးမှုများ အမြောက်အများရှိခဲ့သည်။ အချို့အခမ်းအနားများသည် စီစဉ်ပြီးမှ ယင်းနေရာတွင် ကျင်းပရန် ခွင့်ပြုချက်မပေးဟုဆိုကာ လာရောက်တားမြစ်သည့်အတွက် အခမ်းအနားပျက်ခဲ့မှုများလည်း ရှိခဲ့သည်။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များက ပုဂ္ဂလိကဟိုတယ်များနှင့်ခန်းမများကိုလည်း တည်ဆဲဥပဒေ၊ ညွှန်ကြားချက်များနှင့်ဖိအားပေးထားသဖြင့် ဟိုတယ်များ၊ ခန်းမများကလည်း အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အခမ်းအနားများကို အလွယ်တကူခွင့်မပြုခဲ့သည်များကိုလည်း တွေ့ရှိရသည်။ နိုင်ငံရေးစနစ် ပွင့်လင်းပြောင်းလဲလာခဲ့သည့် ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် ယင်းကဲ့သို့ဖြစ်စဉ်များသည် ၂၀၁၇၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များ၌ ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

❑

**သတင်းအချက်အလက်ရယူပိုင်ခွင့် – အကဲဖြတ်အမှတ်ပေးခြင်း – ၁၀ မှတ်အနက် ၂.၉ မှတ်**

**‘‘တချို့ကြိုတင်သတင်းထုတ်ပြန်တာမျိုး ဒေသဆိုင်ရာအဆင့်မှာ ရှိခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီးမှာလိုပေါ့။ ဒါပေမဲ့ တစ်ပြည်လုံးအတိုင်းအတာမှာတော့ နိုင်ငံတော်ဆီက သတင်းအချက်အလက်ရဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး’’**

*(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)*

**♦<u>သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေ –</u>** ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ညီညွတ်သည့်၊ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေအပါအဝင် အခြားဥပဒေအားလုံးအပေါ် ကျော်လွန်သက်ရောက်မှုရှိသော ပြဋ္ဌာန်းချက်များပါဝင်သည့် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေကြမ်း ရေးဆွဲရေးနှင့်ပတ်သက်၍ တိုးတက်မှုရှိခဲ့ပါသလား။ ထိုဥပဒေကို အကောင်အထည်ဖော်ခဲ့ပါသလား။ **(၁ မှတ်)**

**♦<u>အခြားဥပဒေများ –</u>** ပြီးခဲ့သည့်နှစ်အတွင်း သတင်းအချက်အလက်သိပိုင်ခွင့်နှင့်ရယူပိုင်ခွင့်အား ဟန့်တားနှောင့်ယှက်သောဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများ ရှိခဲ့ပါသလား။ **(၀ မှတ်)**

**♦<u>ရယူပိုင်ခွင့် –</u>** ပြီးခဲ့သည့်နှစ်အတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ စာရေးဆရာများနှင့် အများပြည်သူတို့အနေဖြင့် သူတို့ကိုယ်ပိုင်ဘဝများအတွက် လိုအပ်သည့်သတင်းအချက်အလက်များကို ရယူနိုင်ခဲ့ပါသလား။ အာဏာပိုင်များအား တာဝန်ယူ၊ တာဝန်ခံမှုရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသလား။ ဤအချက်နှင့်ပတ်သက်၍ တိုးတက်မှု သို့မဟုတ် ဆုတ်ယုတ်ကျဆင်းမှု ရှိခဲ့ပါသလား။ **(၁ မှတ်)**

**♦<u>သတင်းအချက်အလက်ကိုင်တွယ်ထိန်းသိမ်းရေး –</u>** ပြီးခဲ့သည့်နှစ်အတွင်း အစိုးရအနေဖြင့် သတင်းအချက်အလက်ကိုင်တွယ်ထိန်းသိမ်းရေးဆိုင်ရာ ကျိုးကြောင်းညီညွတ်သောစံချိန်စံညွှန်းတစ်ခု ရရှိအောင် လုပ်ဆောင်ခဲ့ပါသလား။ ပြီးခဲ့သည့်နှစ်အတွင်း သတင်းကြိုတင်ထုတ်ပြန်ပေးမှု ရှိခဲ့ပါသလား။ **(၀.၉ မှတ်)**

**♦<u>သတင်းအချက်အလက်ဖော်ထုတ်ပေးသူများ –</u>** ပြီးခဲ့သည့်နှစ်အတွင်း အစိုးရအနေဖြင့် သတင်းအချက်အလက်ဖော်ထုတ်ပေးသူများအတွက် အကာအကွယ်များ ဖန်တီးပေးရန် လုပ်ဆောင်ခဲ့ပါသလား။ **(၀ မှတ်)**

**<u>သတင်းအချက်အလက်ရယူပိုင်ခွင့် – ဆွေးနွေးမှုအနှစ်ချုပ်</u>**

♦၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေကြမ်းတစ်ရပ်ကို ပြည်သူ့လွှတ်တော် အထူးကော်မတီ၊ နိုင်ငံတော်အဆင့် ဝန်ကြီးဌာနများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများက ရေးဆွဲခဲ့ကြသည်။ ထိုဥပဒေကြမ်းမှာ ယနေ့အထိ လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းမရှိဘဲ မည်သည့်အခါတွင် တင်သွင်းမည်ဆိုသည့်အချိန်ဇယားကို အများပြည်သူထံထုတ်ပြန်မှုလည်း မရှိခဲ့ပေ။

♦၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို နေပြည်တော်တွင် ကျင်းပခဲ့ရာ စစ်ဖက်အနေဖြင့် သတင်းသမားများ၏ မှတ်ချက်ပေးရန် တောင်းဆိုမှုများ သို့မဟုတ် သတင်းအချက်အလက်ထုတ်ပြန်ပေးရန် တောင်းဆိုမှုများအား တုံ့ပြန်ဖြေကြားမှု မပြုသည့်အကြောင်းကို သတင်းထောက်တစ်ဦးက မေးမြန်းခဲ့သည်။ ထိုအခါ စစ်ဖက်ပြောခွင့်ရပုဂ္ဂိုလ်က သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေ မပြဋ္ဌာန်းမချင်း မည်သည့်စစ်ဖက်အရာရှိကမျှ သတင်းထောက်များ၏ မေးခွန်းများအား ဖြေကြားပေးလိမ့်မည်မဟုတ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

♦တစ်ခုလုံး ခြုံ၍ကြည့်လျှင် နိုင်ငံတော်က ချုပ်ကိုင်ထားသော သတင်းအချက်အလက်များအား ရယူနိုင်ရန်မှာ ဖြစ်နိုင်ချေမရှိသေးဘဲ ကြိုတင်သတင်းအချက်အလက်ထုတ်ပြန်ပေးမှုမှာလည်း ရှားတောင့်ရှားပါး ဖြစ်နေဆဲပင်။ သို့တစေ အချို့သောကြိုတင်သတင်းအချက်အလက်ထုတ်ပြန်ပေးမှုများမှာ ဒေသဆိုင်ရာအဆင့်တွင် ရှိခဲ့ပါသည်။ ဥပမာပြရလျှင် မကွေးတိုင်းဒေသကြီးအစိုးရသည် (အချက်အလက်/ သတင်းအချက်အလက် ကိုင်တွယ်ထိန်းသိမ်းရေးနှင့်ကာကွယ်ရေးဆိုင်ရာမူဝါဒများနှင့် နိုင်ငံလုံးဆိုင်ရာ မူဝါဒကို စောင့်ဆိုင်းနေခြင်း မပြုဘဲ) **e-government** လုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်ခဲ့ပြီဖြစ်သည်။ ဤလုပ်ဆောင်ချက်မှာ အစိုးရဌာနပေါင်းစုံဆိုင်ရာ သတင်းအချက်အလက်မျှဝေရေးအတွက်လည်းကောင်း၊ ဒေသခံမီဒီယာများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက်လည်းကောင်း အလွန်အသုံးဝင်စေခဲ့ပြီဖြစ်သည်။

♦သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေကို အဟန့်အတားပြုနေသော အခြားဥပဒေများ–အကယ်၍သာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသော သတင်းအချက်အလက်ရယူပိုင်ခွင့်ဥပဒေတစ်ရပ်ကိုသာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါက ရိုက်တာသတင်းထောက် ကိုဝလုံးနှင့်ကိုကျော်စိုးဦးတို့အား နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေကို အသုံးပြု၍ အရေးယူခြင်းမှ ကာကွယ်စောင့်ရှောက်မှုအချို့ ပေးနိုင်ခဲ့လိမ့်မည်ဖြစ်သည်။

♦ရိုက်တာသတင်းထောက်များ၏ တရားခွင်တွင် သက်သေထွက်ဆိုအပြီး၌ ယင်းတို့ကို ရဲမှူးချုပ်အမိန့်ဖြင့် ထောင်ချောက်ဆင်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သော သတင်းအချက်အလက်ထုတ်ဖော်ပြောဆိုသူ ဦးမိုးရန်နိုင်ကို ရဲစည်းကမ်းအက်ဥပဒေချိုးဖောက်မှုဖြင့် ထောင်ဒဏ် ၁ နှစ်စီရင်ခဲ့ပြီး အလုပ်မှ ထုတ်ပစ်ခဲ့သည်။ သတင်းအချက်အလက် ဖွင့်ချထုတ်ဖော်သူများမှာ ယင်းတို့ဖွင့်ချသောသတင်းအချက်အလက်သည် ရာဇဝတ်မှုမြောက်သော အမှားကျူးလွန်မှုနှင့် အာဏာအလွဲသုံးစားပြုမှုဖြစ်သောကြောင့် ထူးခြားသောအများပြည်သူ့အကျိုးစီးပွားဆိုင်ရာသတင်းအချက်အလက်ပင်ဖြစ်သော်လည်း ကာကွယ်စောင့်ရှောက်မှု မရခဲ့ကြချေ။

❑

**လုံခြုံဘေးကင်းခြင်းနှင့်အကာအကွယ်ရှိခြင်း - အကဲဖြတ်အမှတ်ပေးခြင်း - ၁၀ မှတ်အနက် ၀ မှတ်**

**"သတင်းသမားတွေဟာ သူတို့အလုပ်လုပ်နေတာကို စိတ်ချယုံကြည်ရတယ်လို့ မခံစားကြရဘူး။ ပြီးတော့ ဘေးအန္တရာယ်ကျရောက်တဲ့အခါမှာလည်း ဘယ်မှာ အကူအညီသွားတောင်းရမှန်း မသိကြဘူး"**

*(အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ခဲ့သူတစ်ဦး၏ မှတ်ချက်)*

**♦လုံခြုံဘေးကင်းခြင်း -** ပြီးခဲ့သည့်နှစ်အတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ စာရေးဆရာများ၊ မှတ်တမ်းရုပ်ရှင်သမားများနှင့် အခြားသောတစ်ဦးချင်းလူပုဂ္ဂိုလ်များအနေဖြင့် စာနယ်ဇင်းပညာနှင့် အကဲဆတ်သောအကြောင်းအရာများအပေါ် စုံစမ်းဖော်ထုတ်ခြင်းများ အပါအဝင် လွတ်လပ်၍ တီထွင်ဖန်တီးရေးသားထုတ်ဖော်ပြောဆိုမှုကို စိတ်ချယုံကြည်စွာနှင့် ဘေးကင်းလုံခြုံစွာ လုပ်ဆောင်နိုင်ခဲ့ပါသလား။ **(၀ မှတ်)**

**♦တိုက်ခိုက်မှုများ/ဟန့်တားနှောင့်ယှက်မှုများ -** ပြီးခဲ့သည့်နှစ်အတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ခံအားပေးသူများနှင့် သတင်းသမားများ စိတ်ချယုံကြည်ရမှုနှင့်ဘေးကင်းလုံခြုံမှုရှိစေရန် အန္တရာယ်နှင့်ရင်း၍ ကူညီသူတစ်ဦးချင်းအပါအဝင် လူပုဂ္ဂိုလ်များအပေါ် ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှုများ သို့မဟုတ် နှုတ်ဖြင့်၊ စာဖြင့်၊ ကာယကံဖြင့် ထိပါးနှောင့်ယှက်မှုများ ရှိခဲ့ပါသလား။ **(၀ မှတ်)**

**♦တရားစီရင်ရေး -** ပြီးခဲ့သည့်နှစ်အတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ခံအားပေးသူများ၊ သတင်းသမားများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တစ်ဦးချင်းလူပုဂ္ဂိုလ်များအနေဖြင့် မျှတလွတ်လပ်သည့် တရားခွင်များ သို့မဟုတ် လွတ်လပ်သောတရားစီရင်မှုများ ရယူနိုင်ခဲ့ပါသလား။ **(၀ မှတ်)**

**♦ပြစ်ဒဏ်မခံရဘဲ လွတ်မြောက်နေမှု -** ပြီးခဲ့သည့်နှစ်အတွင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်၊ သတင်းစာလုပ်ငန်းတို့နှင့် ဆက်နွှယ်ဖြစ်ပွားခဲ့သော ယခင်အတိတ်မှ ပြစ်မှုများအတွက် ပြစ်ဒဏ်မခံရဘဲ လွတ်မြောက်နေမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ပါသလား သို့မဟုတ် ရာဇဝတ်ပြစ်မှုများအတွက် ခိုင်မာသောစုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှုတစ်ခုရှိခဲ့ပါရဲ့လား။ **(၀ မှတ်)**

**♦ပဋိပက္ခဇုံများ -** ပြီးခဲ့သည့်နှစ်အတွင်း သတင်းသမားများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အခြားသူများအနေဖြင့် ပဋိပက္ခဇုံများသို့ အကျိုးသင့်အကြောင်းသင့်နှင့် အချိန်မီသွားရောက်ခွင့် ရခဲ့ပါသလား။ အာဏာပိုင်များက ပဋိပက္ခဇုံများအတွင်း သူတို့ရောက်ရှိနေစဉ် လုံခြုံစိတ်ချရမှုအတွက် ဆောင်ရွက်ပေးခဲ့ပါသလား။ **(၀ မှတ်)**

**လုံခြုံဘေးကင်းခြင်းနှင့် အကာအကွယ်ရှိခြင်း - ဆွေးနွေးမှုအနှစ်ချုပ်**

♦လုံခြုံဘေးကင်းခြင်းနှင့်အကာအကွယ်ရှိခြင်းအပေါ် ခြိမ်းခြောက်မှုများမှာ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။ ဥပမာအနေဖြင့် မြစ်ကြီးနားဂျာနယ်သတင်းထောက်များဖြစ်ကြသည့် မဗွန်းမွန်းပန်နှင့်ကိုအရေတို့အား သခင်စစ် သတ္တုတူးဖော်ရေးကုမ္ပဏီကိုယ်စားလှယ်များက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ ကုမ္ပဏီဝင်းအတွင်း၌ အလိုမတူဘဲ သုံ့ပန်းအဖြစ် ဖမ်းဆီးချုပ်နှောင်ကာ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခဲ့ပါသည်။

♦ဘက်တော်သားတရားစီရင်ရေး-ရိုက်တာသတင်းသမားများဖြစ်ကြသည့် ကိုဝလုံးနှင့်ကိုကျော်စိုးဦးတို့သည် သူတို့၏လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အား ပြောင်ပြောင်တင်းတင်းချိုးဖောက်သည့် စွပ်စွဲချက်များအပေါ် အခြေပြုကာ ပြစ်ဒဏ်စီရင်ခံခဲ့ကြရသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် သူတို့၏တိုင်းဒေသကြီးတရားရုံး အယူခံရုံးနိမ့်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီလတွင် တရားရုံးချုပ်အယူခံရုံးနိမ့်ခဲ့ရကာ ဘက်တော်သားတရားစီရင်ရေးစနစ်၏ သားကောင်များအဖြစ် အကျဉ်းထောင်ထဲတွင် ရှိနေဆဲဖြစ်သည်။

♦သတင်းသမားများ ခြိမ်းခြောက်ခံရခြင်း- အသီးသီးသောမီဒီယာသတင်းဌာနများ (ဥပမာ- ဧရာဝတီ၊ **Eleven, 7 Day, RFA**)မှ ယင်းတို့၏ ရခိုင်အကျပ်အတည်းသတင်းရေးသားဖော်ပြမှု အထူးသဖြင့် ယင်းတို့၏ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း တပ်မတော်နှင့် ရခိုင်တပ်မတော်အကြား ဖြစ်ပွားသည့်ပဋိပက္ခအကြောင်း ရေးသားဖော်ပြမှုနှင့်ဆက်စပ်ကာ ခြိမ်းခြောက်စာ အီးမေးလ်များကို လက်ခံရရှိခဲ့ကြသည်။

♦ဖမ်းဆီးရန် ကြိုးပမ်းမှုများ-ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့များသည် စစ်သားအဖြစ် အတင်းအကျပ်စုဆောင်းခံခဲ့ရသော ဒုက္ခိတစစ်သည်မိသားစုများနှင့် တွေ့ဆုံမေးမြန်းနေသည့် သတင်းသမားများအား ဖမ်းဆီးရန် ကြိုးပမ်းခဲ့သည်။(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ)

♦တိုက်ခိုက်မှုများ-ရန်ကုန်မြို့ တာမွေ(အဝိုင်းထိပ်)တွင် အရပ်ဝတ်လူဆိုးလူမိုက်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြသူတို့အား တိုက်ခိုက်ခဲ့ကြပြီး သတင်းသမားများကို ခြိမ်းခြောက်ခဲ့ကြသည်။(၂၀၁၈ ခုနှစ်၊ မေလ)

❑

၂၀၁၉ ခုနှစ် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်အခြေအနေအကြောင်း အကဲဖြတ်ဆွေးနွေးမှုအစီအစဉ်ကို **PEN**

**America**၏ ပံ့ပိုးကူညီမှုဖြင့် **PEN Myanmar**အဖွဲ့က ကမကထပြု ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အသေးစိတ်အချက်အလက်များ ထပ်မံသိရှိလိုပါက **PEN Myanmar**အဖွဲ့ အတွင်းရေးမှူး ဟန်ဇော် (ဖုန်း-၀၉၄၄၃၀၈၀၁၃၅၀၊ အီးမေးလ်- **hanzaw.media@gmail.com)** သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပါဝင်ဆွေးနွေးခဲ့သည့် အဖွဲ့အစည်းများ(အင်္ဂလိပ်အက္ခရာစဉ်အလိုက်)

၁။ Assistance Association for Political Prisoners - http://aappb.org/
၂။ Athan- https://www.facebook.com/athan.foe.myanmar/
၃။ Burma News International -http://burmese.bnionline.net/
၄။ Center for Myanmar Media Development -http://mmdcmyanmar.com
၅။ Equality Myanmar - http://equalitymyanmar.org/
၆။ Free Expression Myanmar - http://free expressionmyanmar.org
၇။ Human Rights Defenders Forum (HRDF)- https://www.facebook.com/HRDefendersForum/
၈။ Independent Lawyers' Association Myanmar - http://www.ilam.org.mm
၉။ Myanmar ICT for Development Organisation - https://www.facebook.com/Myanmarido/
၁၀။ Myanmar Journalism Institute - http://www.mjimyanmar.org
၁၁။ Myanmar Journalist Network - https://www.facebook.com/Myanmar-Journalist-Network-206380619436115/
၁၂။ Myanmar Journalists Association -http://www.mjournalistsa.org/
၁၃။ Myanmar Media Lawyers' Network - https://www.facebook.com/myanmar.mmln/
၁၄။ Myanmar Women Journalists Society- https://www.facebook.com/MWJS1/
၁၅။ PEN Myanmar - https://www.facebook.com/penmyanmar/,www.penmyanmar.org, http://www.pen-international.org/
၁၆။ Protection Committee for Myanmar Journalists - https://www.facebook.com/PCMJMyanmar/
၁၇။ PyiGyiKhin- https://www.facebook.com/PyiGyiKhinMyanmar/posts/620480441308996
၁၈။ Yangon Journalism School (YJS)- http://www.yangonjschool.org

■■■